
# ရှုရှုဝင် တဝေတင်

83-84

HOLY CROSS THEOLOGICAL COLLEGE
YANGON



# မာတိကာ


၁။ ကျောင်းအုပ်ကြီး ကဗျာ ---------- ၂
၂။ အယ်ဒီတာ့အာဘော် ---------- ၃
၃။ ကဗျာ ---------- ၄
၄။ ကာတွန်း ---------- ၅
၅။ သတင်း ---------- ၆
၆။ သား ပြောပါရစေ မေမေ ---- ၇
၇။ ပေးဆပ်ခြင်း သက်သက်ပါ ---- ၉
၈။ နင်လား တဲ့ ငါးစိမ်းသည် ----၁၃
၉။ ဂုဏ်ယူပါတယ် ဧဝရယ် ----၁၈
၁၀။ ဆန္ဒ [illegible] ----၂၀
၁၁။ ကတိပြုပါတယ် ----၂၄
၁၂။ အလွမ်းသစ် ----၂၇
[illegible] ----


HOLY CROSS THEOLOGICAL COLLEGE … RANGOON

## ကျောင်းအုပ်ကြီး ကဏ္ဍ

ချစ်ခြင်း မေတ္တာက ထာဝရဘုရားကို ဘုရားအဖြစ် ပို၍ သက်ရောက်စေသည်။ အကြောင်းမှာ ထာဝရဘုရားသည် ချစ်ခြင်း မေတ္တာဖြစ်သည်။

ချစ်ခြင်း မေတ္တာက လူကိုလူအဖြစ် ပို၍ ပီသစေသည်။ အကြောင်းမှာ လူသည် ချစ်ခြင်း မေတ္တာအားဖြင့် သာကြီးပွားရှင်သန်နိုင်သည်။

ဘုရားဇာတိ၊ လူ့ဇာတိရှိသော အရှင်ခရစ်တော်အားဖြင့် ယင်းချစ်ခြင်း မေတ္တာနှစ်မျိုး ပေါင်းစပ်နိုင်ခဲ့သည်။ သူ့အားဖြင့်လှုပ်ရှားပွားများသော ချစ်ခြင်း မေတ္တာသည် လူသားများအတွင်း၌ ထူးဆန်းစွာဖူး ပွင့်လာခဲ့ပါသည်။

ဖူးပွင့်လာပုံမှာ အလွန်ထူးဆန်းသည်။ အရှင်ခရစ်တော် လူ့ဇာတိခံယူခြင်းဖြင့် ယင်းချစ်ခြင်း မေတ္တာအမြစ်တွယ်လာပါသည်။

ယင်း မေတ္တာသည် အလွန်တန်ခိုးစွမ်းအင်ကြီး သည်။ လက်တမ်းလက်ခံနိုင်သည်။ အပြစ်သားကိုလူရာဝင်စေသည်။ ရန်သူကို သော့ လောကဖြစ်ရပ်များကိုတန်ဖိုးရှိလာ စေသည်။ မထင်ရှား ဖြစ်လာစေသည်။ ဝန်ထုပ်ကိုဝန်ပိုး

``အများကိုအလုပ်အကျွေးပြုခြင်းဖြင့်ကျွန်ုပ်တို့၌တည်သော ကိုယ်တော်၏ ချစ်ခြင်း မေတ္တာကို ပို၍ပြည့်ဝစုံလင် စေတော်မူပါ``။

``ချစ်ခြင်း မေတ္တာနှင့်အတူကိုယ်တော်ရှင်၏အလိုတော်၌ ကျွန်တော်၏စွမ်းအားရှိသမျှကိုပုံအပ်နိုင်ခွင့်ပြုတော်မူပါ``။ ဟု ဆန္ဒပြုခြင်းမှတပါးအခြားမရှိတော့ပြီ။



## အယ်ဒီတာ့အာဘော်

ဘုရားသခင်ဖန်ဆင်း၍ ယနေ့လူတိရစ္ဆာန်များမှီတင်းနေထိုင်သော ဤကမ္ဘာကြီးမှာ အဓိကအရေးကြီးဆုံး သောအရာသည် မည်သည့်အရာ[ဖြ]စ်ပါသနည်း။ ဟုဆိုပါလျှင် လူတိုင်းမိမိတို့၏ စိတ်အထင်အတိုင်းအမျိုးမျိုး ပြော[ဆို]အဖြေပေး ကြလိမ့်မည်ဖြစ်ပါသည်။

ထိုအရေးကြီးဆုံး သောအရာသည်ကမ္ဘာပေါ်တွင်မှီတင်းနေ[ထ]ိုင်ကြသော ပုဂ္ဂိုလ်လူသား တိုင်းအတွက်မရှိမဖြစ် သောအရာဖြစ်သည်။ [တ]ချိန်နာရီစက္ကန့်နှင့်အမျှအရေးကြီးဆုံး သောအရာလည်း ဖြစ်ပေသည်။ ၎င်းမှာ ``မေတ္တာ``ပင်ဖြစ်ပါသည်။ မေတ္တာဆိုသောအရာကွယ်ပျောက် သွားမည်ဆိုပါကလူသားတိုင်းသတ္တဝါတိုင်းအတွက်စိုးရိမ်ဘွယ်၊ ရင်နင့်ကြေ ကွဲစရာ ကောင်းသောအရာများနှင့်ရင်ဆိုင်ရပြီးကမ္ဘာ လောကကြီး ဆိတ်သုန်းသွားမည်ဖြစ်ပါသည်။

ယနေ့သိပ္ပံပညာတွန်း ကား လာသည်နှင့်အမျှတိုး တက်ပြောင်း လဲသောတီထွင်မှုများစွာတို့မှာမရေတွက်နိုင် အောင်ရှိနေပေသည်။ သို့သော်လူသားတိုင်းအတွက်ထာဝရ ပျော်ရွှင်ချမ်း မြေ့ရွှင်လန်းမှုပေး နိုင်သောအရာသည် ``မေတ္တာ``ပင်ဖြစ်ပါသည်။ တိုက်ခိုက်ရန်လက်နက် တကာ့လက်နက်များအားလုံး ထက်အထိရောက်ဆုံး လက်နက်မှာ မေတ္တာ ပင်ဖြစ်သည်။

ဘုရားသခင်သည် မေတ္တာတော်ရှင်ဖြစ်သည်။ လူသည်ဘုရား သခင်၏ပုံသဏ္ဌာန်တော်နှင့်အညီဖန်ဆင်း ခံရခြင်းအားဖြင့်လူ၌လည်း မေတ္တာတည်ရှိနေပါသည်။ သို့သော်မည်သို့အသုံး ပြုရမည်ကိုနားလည်သူ နည်းလှပါသည်။ မေတ္တာ၏သဘောကိုကြည့်မည်ဆိုလျှင်၊ ``မေတ္တာသည် စိတ်ရှည်တတ်၏၊ ကျေး ဇူး ပြုတတ်၏။ ငြူစူခြင်းမရှိ၊ ဝါကြွားခြင်းမ ရှိ။ မာန်မာနမရှိ၊ မလျောက်ပတ်စွာမကျင့်တတ်၊ ကိုယ့်အကျိုးကိုမရှာ တတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားသော အမှု၌ဝမ်း မြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ဝမ်း မြောက်တတ်၏။ ခပ်သိမ်း သောအရာကိုဖုံးအုပ်တတ်၏။ ခပ်သိမ်း သောအရာကိုယုံတတ်၏။ ခပ်သိမ်း သောအရာကိုမျှော်လင့်တတ်၏။ ခပ်သိမ်း သောအရာကို သည်းခံတတ်၏။``

ဤသို့သော ဇမ္ဗူဒါ၏ သဘောကို သိရှိနားလည်လျက် အသက်တာ၌ ကျင့်သုံး ဆောက်တည်သွားကြပါစို့။

## ကဗျာကဏ္ဍ

### *လက်မှုတော်၌အလှတရား*

သမုဒ္ဒရာ ပင်လယ်ပြာနှင့်
ကြယ်လလွင်ပြင် တောင်ထိပ်ခွင်လည်း
ဘုရားဖန်ဆင်း ခဲ့ပေ၏။
မြေပေါ်ရေ အောက် အိမ်ခြေ ဆောက်၍
နေထိုင်ကြရာ သတ္တဝါလည်း
ဘုရားဖန်ဆင်း ခဲ့ပေ၏။
စိမ်းလန်းစိုပြေ ပန်းမာန်မြေနှင့်
ဖိုးထိုက်တန်ရာ ရတနာလည်း
ဘုရား ဖန်ဆင်း ခဲ့ပေ၏။
လူ့မြေလူ့ရွာ ဒီကမ္ဘာဝယ်
အလှရုပ်စုံ လှမျိုးစုံနှင့်
လှဂုဏ်ဆင့်၍ နေပေ၏။

* နန္ဒ *



ကျောင်းသား [illegible] ပိုက်ဆံ






" [illegible] "

[illegible]

ငါး၏ ဂရိဘာသာ မှာ IXΘUS [illegible] = fish ကိုဆို

ဟု အဓိပ္ပါယ်ရပါသည်

Iησους Xριστος Θεου Uιος Σωτηρ

Jesus Christ God son saviour

## ၁၉၇၃-၇၄ ပညာသင်နှစ်သန့်ရှင်း သောကား တိုင်မ္ဘတ္တသိုလ် ကျောင်းတော်ကြီး၏သတင်း ။

ဆောင်ပုဒ်။ ။ "မေတ္တာဖြင့်အချင်းချင်း၏ဝန်ကို ထမ်းကြလော့" (ဂလာတိ၅း ၁၃)

ကျောင်းတော်ကြီးသို့ (၃၁-၅-၇၃) နေ့တွင် ကျောင်းသူကျောင်းသားများစုံလင်စွာ ရောက်ရှိခဲ့ပါသည်။ (၂-၆-၇၃) မှ (၄-၆-၇၃) နေ့အထိမြန်မာနိုင်ငံခရစ်ယာန်အသင်းတော် သာသနာပိုင်ချုပ်ကြီး ဧဝဂရယ်ဂရိဂိုလ်ကျော်မှ ဦးဆောင်၍ဝတ်စောင့်ခြင်းဖြင့် ကျောင်းတော်ကြီးကိုစတင်ဖွင့်လှစ်ခဲ့ပါသည်။ သာသနာပိုင်ချုပ်ကြီး သည်အထက်ပါ ဆောင်ပုဒ်ကိုအခြေခံ၍တရားရေအေး တိုက်ကျွေး ခဲ့ပါသည်။ ထို့အတူ ကျောင်းသူကျောင်းသားတိုင်းသည် ခရစ်တော်၌နာခံခြင်း၊ ချီးခြံခြင်း၊ ဝင်ကြွယ်ခြင်းဖြင့်အမှုတော် အတွက်ပြင်ဆင်နိုင်ရန်အတွက်လည်း မေတ္တာတရားကိုအခြေခံ၍မြွက် ကြားခဲ့ပါသေးသည်။

## ၁၉၇၃-၇၄ ပညာသင်နှစ်တွင်တက်ရောက်သင်ကြားကြသော ကျောင်းသူကျောင်းသားများအမည်စာရင်းမှာ-

**စတုတ္ထနှစ်**

(၁) ဆရာအောင်သွင်ဦး (ရန်ကုန်သာသနာပိုင်နယ်)
(၂) ဆရာစထွန်းအေး (ရန်ကုန်သာသနာပိုင်နယ်)
(၃) ဆရာမနော်အစ္စရေးလ် (ဘားအံသာသနာပိုင်နယ်)

**တတိယနှစ်**

(၁) ဆရာမနန့်သဇင်ထွေး (ရန်ကုန်သာသနာပိုင်နယ်)
(၂) ဆရာမနန့်တင်တင်အေး (ရန်ကုန်သာသနာပိုင်နယ်)

**ပထမနှစ်**

(၁) ဆရာဆလိုင်းဘီဘင်တူး (ရန်ကုန်သာသနာပိုင်နယ်)
(၂) ဆရာဒံယေလမျိုးအောင် (မန္တလေးသာသနာပိုင်နယ်)
(၃) ဆရာမနန့်ကြွယ် (မန္တလေးသာသနာပိုင်နယ်)
(၄) ဆရာမကျင်ခိုနင်း (မန္တလေးသာသနာပိုင်နယ်)
(၅) ဆရာမထွေးရီ (စစ်တွေသာသနာပိုင်နယ်)



ုံး သင်တန်းသားများ

(၁) အထူးတန်းစ်သင်တန်းသားအဖြစ်ဆရာစောထွန်းဦး (ဘားအံ သာသနာပိုင်နယ်) နှင့်
(၂) အလုပ်သင်ဆရာဖြစ်သင်တန်းသားအဖြစ်သင်းထောက်- စောဘောနီဖေ့ဒွေး (ဘားအံသာသနာပိုင်နယ်) စသည်တို့ ဖြစ်ကြပါသည်။

**ချိန်ပြည့်ဆရာ၊ ဆရာမများ၊**

(၁) ဘုန်းတော်ကြီးမန်းစံစိငွေး (ကျောင်းအုပ်)
(၂) ဘုန်းတော်ကြီး ဖွန်ဝီးလ်ဗီ
(၃) ဆရာမနန့်ဝန်းဝန်းငွေး
(၄) [illegible]

**ချိန်ပိုင်း ဆရာ၊ ဆရာမများ၊**

(၁) ဆရာစောဝီးဟဲ၊
(၂) ဆရာဦး ပေါလ်ချန်း၊
(၃) ဆရာဒယ်နီယယ်ဖိုက်ကျင်း၊
(၄) ဆရာမမ ဘဲနက်၊
(၅) ဆရာမဒေါ်ခင်မေဆင့်၊
(၆) ဆရာမဒေါ်အက်စတာထွန်းလှိုင်

တို့ဖြစ်ကြပါသည်။

ooooooooooooooooooooooooooooooooo

### * သားပြောပါရစေမေမေ *

မေမေရယ်-သား ငယ်ငယ်လေး ကတည်းကဘုရားသခင်ရဲ့ မှုတော်ကို ဆောင်ဘို့ဆုတောင်းပေး ခဲ့တယ်- နော်၊ သူ့ဆီကိုသွားဘို့ ည်း မေမေသန္နိဋ္ဌာန်ရှိတယ် လေ-အခုဆိုရင် မေမေရဲ့သန္နိဋ္ဌာန်နဲ့ဆုတောင်းချက် ည့်ခဲ့ပြီပေါ့:

သား အရွယ်ရောက်လို့လူလား မြောက်တော့သူ့ဆီကိုသွား ခဲ့တယ်။ ထမ တော့သား စိတ်ထဲမှာတမျိုး ပဲ မေမေရယ်၊ သူနဲ့လည်း ရင်းနှီးမှု မရှိဘူး ၊ ဒါပေမဲ့သား -သူနဲ့အတူတူ နေလာရ တော့သူ့ကိုပိုပြီးချစ်လာတယ်၊ သံယောဇဉ်တွယ်တာလာတယ်။ ရိုသေကိုင်း ရှိုင်းလာတယ်၊ သူနဲ့အတူတူ နေလါ

ခဲ့ရလို့၊ သား မှာ ပညာ တွေအများကြီး တတ်လာတယ်၊ လူမှုရေး၊ ပတ်ဝန်းကျင်အ ထွေအကြ တွေလည်းရင့်ကျက်လာ ပါတယ်။ လူ တော သူ တောကို လည်းအဝင်ဆန့်လာတယ်။ အသိပညာ ရော၊ အတတ်ပညာ ပိုင်းမှာတိုး တက်လာတယ်။ ဒါတွေဟာသူ့ရဲ့ ကျေး ဇူး တွေ ပေါ့။

မေမေရယ် – သူ လေသား တို့ကို လောကီ ရေး ရာ ရော၊ လောကုတ္တရာ ရေး ရာမှာပါသွန်သင်လမ်း ပြ ပေးတယ်။ သူ့ရဲ့စည်းကမ်း ဘောင်အတွင်း မှာသား တို့သွား လာ ကျင့်ကြံရတယ်၊ ဘုရားဝတ်၊ လူ့ဝတ်ကိုလည်း အချိန်နဲ့ ဆောင်ရွက်ခွင့်ရတယ်။ ဒါတွေဟာသူ့ရဲ့ ကျေးဇူး တွေ ပေါ့။

သူနဲ့အတူ နေခဲ့ရလို့၊ သား တို့မှာ စည်း ကမ်း ရှိသေမှု၊ ပညာကိုတန်ဘိုး ထား လေး စား မှု ပေါင်း သင်း ဆက်ဆံ ရေး ၊ မိမိ ကိုယ်ကိုပြုရမည့်ဝတ်၊ သူတပါး ကိုပြုရမည့်ဝတ် နှင့်ကြီး စား အားထုတ်မှု တွေကိုတဆင့်ပြီး တဆင့်တိုး တက် ရေး အတွက် ဆောင်ရွက်ခွင့်ရတယ် လေ၊ ဒါတွေဟာသူ့ရဲ့ ကျေး ဇူး တွေ ပေါ့။

သူ့ရဲ့စီမံအုပ်ချုပ်ပြုပြင်လမ်း ပြ ပေး မှု ကြောင့်အချို့သော ပုဂ္ဂိုလ် တွေဟာ၊ သာသနာပိုင်ချုပ် တွေ၊ သာသနာပိုင်ကြီး တွေ၊ ဘုန်း တော်ကြီး တွေ၊ သင်း ထောက် တွေ၊ ပဓ္ဓဆရာ တွေ၊ ကိုယ်း ထောက် ကြီး တွေလုပ်သား ဘုန်း ကြီး တွေ၊ သာမန်အမှု တော် ဆောင် တွေ၊ မြွှအ တွေး အခေါ်ရှင် တွေ၊ ကင်နစ်ဘွဲ့ရ တွေ၊ ကျမ်းစာ ကျောင်း အုပ် တွေ၊ သာသနာပြုအမှု တော် ဆောင် တွေအသီး သီး ဖြစ်လို့ နေကြ ပြီ လေ – ။ သူ့ရဲ့ ကျေး ဇူး တော် ကြောင့် ပေါ့ မေမေရယ် – ။

မေမေရယ် – သား ပြောတဲ့ ပုဂ္ဂိုလ်ရှင်ကြီး တွေ ရှိသလိုသူ့ဆီ ရောက်လာပြီး ၊ သူလိုခြင်တဲ့ဆန္ဒကို မဖြည့်ဆည်း နိုင်ကြတဲ့သူ တွေလည်း ရှိ နေပါ သေးတယ်၊ သူက တော့ တော် တော် လေး ကိုဝမ်း နည်း ကြေကွဲ နေမလား တော့မ ပြောတတ်ဘူး မေမေရယ် – ဒါပေမဲ့ လေ – သူ့အပေါ်မှာဘယ်လိုပဲပြစ်ပယ်ပြစ်ပယ်၊ ဘယ်လိုပဲသူ့အနား ကထွက် ပြေးရှောင်တမ်း ပေမဲ့၊ သူက တော့ချစ်မြဲ ချစ် နေ ပါတယ်၊ သူ့ဆီကို လာမဲ့သူ တွေကိုလည်းပြုံး ပြုံး လေး နဲ့လက်ကမ်း ကြိုဆိုလျက် ပါ မေမေ –

မေမေ – မေမေ့ကိုဝမ်း သာစရာ ပြောရအုံးမယ်၊



ကြာ တော့တဲ့အချိန်မှာ သူ့ရဲ့အသက်ဟာ ငါး ဆယ်ရှိလို့ မွေး နေ့ ရောက်
န် တော့ မယ်၊ သူ့သိပ် ပျော် နေတယ် မေ မေရယ် – ။ ဘာ ကြောင့်လည်း
တော့သူ့ဆီကိုလာကြတဲ့သူ တွေကိုသူပြန်ပြီး တွေ့ရအုံး မှာကိုး ၊ သူ ကြောင့်
ည်းနှစ်အ တော်ကြာခွဲခွာသွား ရတဲ့သူငယ်ချင်း တွေ၊ ခရစ် တော်
နောက်လိုက် တွေ၊ ဘုရား သခင်ရဲ့အမှု တော် ဆောင် တွေ၊ ပြန် တွေ့ကြ
အုံး မယ်။ စကား ဖောင်ဖွဲ့ကြရအုံး မယ်။ ရှေ့ဖြစ်နောက်ဖြစ် တွေ
ပြော နေကြရအုံး မယ် ပေါ့ – ။ သူ့ရဲ့ပျော်ရွှင်ချမ်း မြေ့ဘွယ်ရာ၊
မွေး နေ့ဖြစ်ပါစေလို့၊ သား ဆု တောင်း မိပါတယ် မေ မေရယ် – ။

သူဟာ သား တို့အသင်း တော်ရဲ့၊ အား ကိုး မဏ္ဍိုင်တခု ပါ၊ အ
င်း တော်တိုး တက်ရာတိုး တက် ကြောင်း တွန်း အား ပေး တဲ့ ခြေလှမ်း
ခုရယ် ပါ။ သူဆိုတဲ့ ``သူ `` က တော့အခြား မဟုတ်ပါဘူး မေ မေ –
ား လေး နှစ် လေး မိုး မွေ့ပညာဆည်း ပူး ၊ အောင်မြင်ခဲ့တဲ့၊
န့်ရှင်း သောလက်ဝါး ကားတိုင် မွေ့တက္ကသိုလ် ကျောင်း တော်ကြီး ပါဝဲ။

ကျောင်း တော်ကြီး ရဲ့ ကျေး ဇူး တရား တွေကိုသား ဘယ်တော့
မှ မေ့မေ့ဘူး လို့တာ ပြောပါရ စေ တော့ မေ မေရယ် – ။

* ဘော် ဒွေး ကြာ*

ooooooooooooooooooooooooo

* ပေးဆပ်ခြင်း သက်သက်ပါ*

အခန်း (၁)

မေ လေး ရယ်တကယ်ဆုံး ဖြတ်ချက်ချလိုက်ပြီလား –

ဟုတ်တယ်ကိုမျိုး – မေ လေး ကိုဘုရား သခင်ကအလို တော် ရှိလို့
မေ လေးဆုံး ဖြတ်ချက်ချလိုက်ရတာ ပါ။ အော် – မေ လေး ရယ် – ကိုမျိုးကို
မသနား တော့ဘူး နော်၊ မေ လေး ဒီကျောင်း တက်လို့ကြာမှာ နဲ့နောက်
ပြီး ကျောင်း ကောင်း ရင်အလုပ်လုပ်ရမှာ နဲ့နှစ် တွေ ပေါင်း လိုက်ရင်
ကိုယ့်မှာအသက်ကြီး ပြီ ပေါ့။ အော် – ကိုမျိုး ရယ် – အသက်ကြီး လည်း မေ လေး
ကချစ်မြဲ ချစ်မှာ ပါပဲ၊ ကိုယ်မျိုး ကို မေ လေး ဘယ် လောက် ချစ်သလဲဆိုတာ
မေ လေး အိမ်ကလည်း သိပါတယ်၊ ကိုမျိုး အိမ်ကလည်း သိတာပဲ မဟုတ်လား ၊
ာလို သေး လို့လဲ၊ `မဟုတ် သေး ဘူး လေ – အိမ်ကသိတာလည်း သိတာ ပေါ့၊
နောက်ဆိုရင်၊ မေ လေး ကလွတ်လပ် တော့မှာ မဟုတ်ဘူး ၊ ကိုယ့်ကိုတိုင်

ဝင်ပြီး မှ ရွေး ပါတော့လား မေလေး ရယ်၊

`` အော် - ကိုရယ်၊ မေလေး နဲ့ကိုတငယ်ငယ်ကတည်း က ချစ်ခဲ့တဲ့သူ တွေ ပဲ၊ မေလေး နဲ့ကိုနဲ့လည်း တစိတ်ထဲပဲ မဟုတ်လား ၊ ဒါကြောင့် ဒီကျောင်း တက်ရင်ကိုလည်း သဘောတူမှာပဲဆိုပြီး ဒီ ကျောင်း တက်လိုက်ရတာ လေ``

`` ဒီမှာ - ခေါ် မေလေး ၊ ခင်ဗျား စိတ်ချမ်း သာသလိုတက်နိုင်ပါ တယ်၊ ခင်ဗျား သုံး ဖြတ်ချက်နဲ့ခင်ဗျား ပျော်သလိုသာ နေလိုက်ပါ၊ ကဲ၊ ကိုသွား မယ်၊``

`` နေပါဦး ကိုမျိုး ရယ် + မေလေး ကိုကြည်ကြည်ဖြူဖြူနဲ့ ကျောင်း ပေး တက်ပါနော် -

``တက်ပါဗျား - တက်ပါ - ကြည်ဖြူပါတယ်၊ ကိုသွား မယ် -

× × × × × × × × × × ×

အခန်း ( ၂ )

``သူငယ်ချင်း ရယ် ဒီ လောက်လျှင်း ဝမ်း နည်း မ နေပါနဲ့ သစ္စာမရှိတဲ့သူကသူ့လမ်း သူသွား မှာပါ ၊ သူတ နေ့မင်း ရဲ့ဝဋ် ကောင်း ကောင်း ကြီး လည်လိမ့်မယ် ၊ ဝတ်ဆိုတာ နောင်ဘဝအထိမ စောင့်ပါဘူး ၊ မင်း ရဲ့ မေ[...]ာ ကြောင့်သူတ နေ့ ကောင်း ကောင်း ကြီး ခံရအုံး မယ်။ မပူပါနဲ့သူငယ်ချင်း ရယ် - ဘုရား သခင်ဟာ ဒို့အ မေဝမ်း ထဲကဒို့အတွက်အိမ် ထောင်ဘက် ရွေး ပေး ပြီး သား ပါ မင်း လည်း သိသွား နဲ့၊ မေ[...]ာ စစ်မှန်ရင်သူတ နေ့မင်း ရှေ့မှာ ဒူး ထောက်ရမှာပါသူငယ်ချင်း ရယ် - တိတ်ပါတော့ နော် - -

× × × × × × × × × × × ×

အခန်း ( ၃ )

နှစ် တွေအလီလီ ပြောင်း လို့ နွေ မိုး ဆောင်း လည်းအ ခါခါ ပြောင်း လာခဲ့ပြီ ဒို့ မေလေး တ ယောက်မှာလည်းမ မူဆ ရာမတဦး အ နေနှင့်ကျရာတာဝန်ကိုထမ်း ဆောင် နေချိန်၊ တနင်္ဂနွေ နေ့တ နေ့မှာ - - - -

``သား တို့၊ သမီး တို့ ရေ - ဒီမှာ မင်း တို့သူငယ်ချင်းအ သစ်တ ယောက်တိုးလာတယ်၊ သူ့နာမည်က ကျော် ကျော်တဲ့၊ အဲ ဒါသားတို့ သမီး တို့ကို ယောချူက ချစ်သလို ကျော် ကျော့်ကိုလည်း ချစ်ချစ်ခင်ခင်နဲ့အ



[...]ူသီချင်း [...]ို့ကြ၊ ကစား ကြ ပေါ့နော်၊ ယေရှုဟာ ကလေး တွေကိုအမြဲပဲ [...]ာ်ပါတယ်၊ ဘာပဲလုပ်လုပ်က လေး တွေလိုစိတ်မျိုး မရှိရင် ကောင်း ကင် [...]ိုင်ငံကိုဘယ်သူမှ မဝင်ရဘူးလို့သူတ ပည့် တော် တွေကို ရောသူ့ နောက်လိုက်တဲ့ အုပ်ကြီး ကို ရောအမြဲ ပြောခဲ့ကယ်၊ ကဲ - - - သီချင်း ဆိုကြမယ်၊ ပြီးရင် [...]ရား ဘု တောင်း မယ်၊ ဒီတပတ် တော့ဒီ လောက်နဲ့ပဲ နား ကြစို့နော် - [...]င်ခဲ့တာ တွေလည်း မမေ့ကြနဲ့၊ ဟော - - မိုးတွေ ရွာလာပြီ၊ ထီး ပါတဲ့သူ တွေ ကောင်း ကောင်း ပြန်ကြ နော့် - ထီး မပါတဲ့သူ တွေကဆရာမနဲ့ နေခဲ့ ၊ မိုး ဝဲ တော့အတူတူပြန်ကြမယ်၊

``ဆရာ ပဆရာမ ``

`` ကျော် ကျော်၊ သား မပြန်ရသေး ဘူးလား၊``

`` မပြန်ရ သေး ဘူး ဆရာမ၊ ဖေဖေလာ ခေါ်မယ်တဲ့``

`` သား သူငယ်ချင်း အသစ် တွေနဲ့၊ ဘုရား ဆာသင်ရသီချင်း ရတာ ပျော်ရဲ့လား ကွယ်``

`` ပျော်ပါတယ်ဆရာမ၊ ဒါပေမဲ့သား သိး ၊ သူတို့လိုမေ မေလို [...]င်လိုက်တာ``

``ဟင်`` - - သား မှာ မေမေ မရှိ တော့ဘူးလား -

`` မရှိ တော့ဘူး ဆရာမ၊ ဖေဖေကသား သား ကို ပြောတယ် [...]ား မေ[...]မေ လေ၊ ဟိုး ငယ်ငယ်ကတည်း က၊ သား သား နဲ့ ဖေဖေ့ကို [...]ားခဲ့ပြီးအ[...]ပေး ကိုထွက်သွား တယ်တဲ့``

`` အော် - ဖြစ်မှဖြစ်ရ လေသား ရယ် -``

`` ဟော - ဆရာမ ဖေဖေ တောင်လာပြီ``

``ဟင် - ကိုမျိုး ၊ ပါလား၊``

`` အော် - မေလေး ရယ် - - ကိုမျိုး ကိုခွင့်လွှတ်ပါနော်၊ ကဲသါး [...]ာ - သွား ကြပါစို့ ``

× × × × × × × × × × × × ×

အခန်း ( ၄ )

`` အော - ကျော် ကျော်ဟာ ကိုမျိုး နဲ့သား ကိုး ၊ သူ့မှာ မေမေ [...]ရှိ တော့ဘူး တဲ့၊ သူ့ရဲ့ မေမေ မကသူ့တို့သား မဖကိုထားပြီးဟိုအဝေး ကို [...]က်သွား တယ်တဲ့၊ အော် - သူငယ်ချင်း ဌေးပြောသလိုဝတ်မှား လည်သွား

ပြီလား၊ အင်း လေ-ဝါ့မေတ္တာ၊ သူ့ကိုစူး ဝင်သွားပြီထင်ပါတယ်၊ သူ-ဝါ
ဝဋ်ကောင်း ကောင်းကြီး လည်ပြီ ပေါ့--- ဒီလိုမတွေး သင့်ပါဘူး လေ
အခုသူဒုက္ခ ရောက်နေတဲ့အချိန်မှာ ဝါဒီလိုဇတ်ဝါတ်မျိုးမရှိသင့် တော့ဘူး
ဝါသူ့ကိုဘာကူညီရမလဲ၊ အင်း -သူ့အတွက်အကောင်းဆုံး ဝါဘာလုပ်ပေး
ရင်ကောင်း မလဲ၊

× × × × × × × × × × × × ×

အခန်း ( ၅ )

``ဆရာမ-ဒီနေ့သားသား မွေးနေ့လေ၊ အဲဒါဖေဖေ
က၊ သားသား သူငယ်ချင်းတွေနဲ့အိမ်မှာဘုရားရှိခိုး ပြီးသီချင်းဆို
ချင်လို့၊ ဒါကြောင့်ဆရာမကိုလာခေါ်တာ၊``
``အော်-အေး အေး၊ လာ-လာခဲ့ပါ့မယ်။``
``အော် နေအုံး နေအုံး၊ သားသား သူငယ်ချင်းတွေကိုရော
ခေါ်သွားပြီးပြီလား၊``
``ခေါ်ပြီး ပါပြီဆရာမ၊ သူတို့အားလုံး အိမ်မှာရောက်
နေကြပါပြီ၊ ဆရာမလည်း အခုလိုက်ခဲ့ရမယ်နော်-``
``အင်း အင်း + ဆရာမလာခဲ့ပါ့မယ်ကွယ်``

× × × × × × × × × × ×

အခန်း ( ၆ )

``မေလေး ရယ်-ကိုမျိုး ကိုခွင့်လွှတ်ပါနော်၊ ကိုမျိုး မေ
လေး ကိုအနိုင်ယူခဲ့သမျှ ဝဋ်လည်တာများ လား လို့ တွေးမိတယ်၊ ကိုမျိုး
ခဲ့တယ်လေ၊ သူနဲ့လက်တွဲခဲ့တဲ့နေ့
ယူခဲ့တဲ့အမျိုး သမီးကကိုမျိုး ကိုနိုင်ဝါး ခဲ့တယ်။ ကိုမျိုး မေလေး ကိုအနိုင်ယူ
ကစပြီးသူကသာကိုမျိုး ကိုအနိုင်ယူခဲ့တယ်။ ဒီလောက်အလိုလိုက်တာ တောင်မှကိုမျိုး
ခဲ့သမျှသူ့ကိုအလိုလိုက်ခဲ့ရတယ်။ ပုံးမှာတက်ပြီးလက်ထပ်လို့သားသား
ကိုဘယ် တော့မှယုံတယ်လို့မရှိဘူး ။ တနေ့ တော့သူအပြစ်ရှာခြင်းတာနဲ့ကိုမျိုး တို့ပုံး
ကိုမွေး တဲ့အထိပါပဲ၊ တနေ့ တော့သူ့အလုပ်ကိစ္စ ဆွေးနွေး၊ နေတုန်းသူ တွေ့သွား
တစဒုရေး မတဦး နဲ့အလုပ်ကိစ္စ စကား ပြောလို့မရ တော့ဘူး၊ နောက်
တယ်လေ၊ အိမ်ရောက် တော့ဘာမှ ချော့လို့မရဘူး ၊ ကိုယ်ထားခဲ့
ကိုမျိုး လည်း ချော့ပါသေး တယ်၊ ဘယ်လိုမှ ချော့လို့မရဘူး ၊ နောက်
တနေ့ တော့ကိုမျိုး ပုံး သွား နေဒိုက်သား သား နဲ့ကိုမျိုး ကိုထားခဲ့



ဒ်ါအိမ်ကဆင်း သွား တာပဲ၊ ကိုမျိုး စုံစမ်း ကြည့် တော့ နောက်အိမ်ထောင်
ဝင်သွားတယ်လို့သတင်း ကြား ရတာပဲ၊ ဒါနဲ့ကိုမျိုး လည်းသား သား ကို ဖေ
ဖေတို့ မေ မေတို့ကိုအပ်ပြီး အကူအညီ တောင်း ခဲ့ရတယ်။ ကိုမျိုး ရဲ့မမကြီး က
သား သား ကိုပြုစုပေး ခဲ့ပါတယ်။ အခု၊ ဒီကိုအလုပ် ပြောင်း တဲ့အထိပါပဲ။``
``ဖြစ်မှဖြစ်ရ လေကိုမျိုး ရယ်၊ ပြီး ခဲ့တာ တွေလည်း ပြီး ခဲ့ပြီပဲ
မေလေး သား သား ကျော် ကျော်ကိုတာဝန်ယူ ပါတယ်``
``ဒါနဲ့ မေ လေး အိမ် ထောင်ပြုဘို့စိတ်ကူး ထား သလား၊``
``မေ လေး မှာအိမ် ထောင် ရှိပါတယ်-``
``ဗျာ--``
``ဖုတ်တယ်ကိုမျိုး - မေ လေး ကျောင်း ဆင်း ကတည်းကအသင်း
တော်နဲ့အိမ် ထောင်ပြုလိုက်တယ် လေ၊``
``အော်- မေ လေး - မေ လေး -``
``မေ လေး ရဲ့မေတ္တာဟာ ပေး ဆပ်ခြင်း သက်သက်ပါပဲ နော်``
``ကိုမျိုး မေ လေး အတွက်အမြဲဂုဏ်ယူ နေပါတယ်။``
ဘုရား ကျောင်း ဆီမှ ခေါင်း လောင်း သံ ပေါ် ထွက်လာပါပြီ။
မေ လေး ဝါရင်ထဲတွင် တော့--ဝါ့အလုပ် တွေကျန်ပါသေးလား ။

* မဲတပု *

ooooooooooooooooooooooooooooooooooooo

* နှင်လား တဲ့-ငါး စိမ်း သည် *

အချိန်ကား နွေဦး ကာလပင်ဖြစ်ပါသည်။ မြန်မာပြည်အလယ်
ပိုင်း ဒေသကား ပူပြင်း ရန်တူား စူ နေ သောအချိန်ဖြစ် ပါသည်။ ကျွန်
တော်သည်သာသနာပြုတာဝန်ဖြင့်ရခိုင်ရိုး မမြောက်ဖက်အပိုင်း ကို
သွား ရန်ပြည်မြို့မှအထက်မြန်မာပြည်သို့သွား သောည (၁၁း ၀၀) နာရီ
ကား ဖြင့်ခရီး ထွက်ခဲ့ပါသည်။ နွေဦး ကာလဆို သော်လည်းညချမ်း မှာ
သာယာလှက်ရှိသည်။ ခရီး အရှည်မှာမိုင်(၂၀၀)ခန့်သွား ရမည်ဖြစ်
၍ မှေး လိုက်၊ စဉ်း စား လိုက်ဖြင့်အထက်မြန်မာပြည်မြို့တမြို့သို့ နောက်
နေ့နံနက်တွင် ရောက်သွား ခဲ့ပါသည်။
ရောက်လျှင် ရောက်ခြင်းခရီး ဆက်ရန်ကြိုး စား

သော်လည်းကား ဆက်မမှီသည့်ကာလ ကြောင်း၊ တောင့်ပေါ်တက်ရာ
တွင်လိုအပ်သည့် ဆေး ဝါးနှင့်အခြား ပစ္စည်းများဝယ်ချန်းစရာရှိသည့်
ကာလ ကြောင်း ကြောင့်ထိုမြို့ရှိ မိတ်ဆွေနှစ်ချင်းသင်းအုပ်ဆရာ၏အိမ်
တွင်တည်း ခိုရပါတော့သည်။ ထိုမြို့တွင် ခေတ္တ နေထိုင်စဉ်ကာလက တွေ့
ကြုံခဲ့ရ သောအဖြစ်အပျက်တခုကိုတင်ပြချင်ပါသည်။

ကျွန်တော် ရောက်သည့်နံနက်တွင်ကျွန်တော်၏ ပစ္စည်း များ
ဝယ်ချန်း စရာရှိ သော ကြောင့်သင်း အုပ်ဆရာသည်မိမိဇနီး သည်
အား ဈေး သို့မသွား စေပဲ၊ ကျွန်တော် နှင့်အတူ ဈေးသို့သွား ခဲ့ကြပါ
သည်။ ပထမတွင်ချက်ပြုတ်ရန်ဟင်း သီး ဟင်း ရွက်များ ဝယ်ချန်း ပြီး
ငါး ဝယ်ရန်ငါး ဈေး တန်း သို့သွား ခဲ့ကြပါသည်။ငါး ဈေး တန်း တွင်
အသက်သုံး ဆယ်ခန့်သန့်သန့်ပြန့်ပြန့်အမျိုး သမီး တဦးငါး ရောင်း
နေသည်ကို တွေ့ခဲ့ရသည်။ ထိုအမျိုး သမီး ကသင်း အုပ်ဆရာအား မြင်
သောအခါ``ဆရာ-ဘာငါး ယူမလဲ- ငါး မျိုး စုံရှိပါထယ်`` စသည်ဖြင့်
ယဉ်ကျေး သိမ်မွေ့စွာ ဖိတ်ခေါ် နေပါသည်။ ဆရာကလည်း ချက်ခြင်း
ပင်၎င်း နေ့ဦးပြည့်ကညှိ့သည် ရောက်လာ၍ ငါး ဟင်း ချက်ရန်ငါး လို
ဝယ် ကြောင်းကျွန်တော် မည်သူမည် ဝါဖြစ်သည်၊ မည်သည့်တာဝန်ဖြင့်
၍သို့ ရောက်လာသည်စသည်တို့ကို ပြောပြပြီး မိတ်ဆက် ပေး ပါသည်။
ထိုအမျိုး သမီး မှာဆရာ၏အသင်း သူတဦး ဖြစ် ကြောင်း သိခဲ့ရပါ
သည်။ ၎င်း အပြင်ကျွန် တော့်အား လည်း မိမိအိမ်သို့လာလည်ပါရန်နှင့်
အတူတကွဆုတောင်း ဝတ်ပြုကြရန်ဖိတ်ခေါ်ပြန်ပါသည်။ ကျွန် တော်က
လည်းညနေပိုင်း တွင်လာ ရောက်မည်ဖြစ် ကြောင်း ပြောကြားပြီး
ဆရာနှင့်ငါး များ ဝယ်ချန်း ၍ ငါး ဈေး တန်း မှ ပစ္စည်း များ
ဝယ်ရန်ထွက်လာခဲ့ပါသည်။ ကျွန် တော်တို့ တွေ့ခဲ့ သောအမျိုး သမီး မှာ
ကျွန်တော့်အား ဟန်မဆောင်ပဲခင်မင်မှုအပြည့်ဖြင့် ဖိတ်ခေါ်မှု
ကိုပြုသည့်အတွက်ကျွန်တော့်အနေဖြင့်စိတ်ဝင်စား လာမိပါသည်။
ထိုအမျိုး သမီး အားအနီး ကပ်ရှိ သောအခြား ဈေး သည်များက
လေး စား စွာဆက်ဆံပြီး ဖော်ဖော် ရွေရွေ ပြောဆိုမှုရှိကြောင်း
ကျွန် တော်မြင်ခဲ့ရပါသည်။



ကျွန် တော်တို့နှစ်ဦးပစ္စည်း များ ဝယ်ယူပြီးနောက် ဈေး မှထွက်
ခဲ့ပါသည်။ ကျွန် တော် တွေ့ခဲ့ သောထိုအမျိုး သမီး ကိုစိတ်ဝင်စား သဖြင့်
း အုပ်ဆရာအား မေး မိပါသည်။ ကျွန် တော်စိတ်ဝင်စား မှုတခုကို
လွှင်အ မေး အမြန်း ထုတ်လှသည်။ အလိုက်သိ သော မိတ်ဆွေသင်း အုပ်ဆရာ
န် တော့်အား အစမှအဆုံး တိုင် ပြောပြ ပေး ပါသည်။ ထိုအမျိုး သမီး
သာမန်ပုဂ္ဂိုလ်မဟုတ်ပဲ၊ သရက်မြို့အရှိနှစ်ချင်း ကျမ်းစာ ကျောင်းမှ
ာင်မြင်ပြီး တချိန်က စမ္မအမှုဆောင်တဦး ဖြစ်ခဲ့ သော ကြောင့်ဗိုမို
ရပါသည်။ မိတ်ဆွေသင်း အုပ်ဆရာကဆက်လက် ပြောကြားရာတွင်၎
င်တချိန်က ခရစ်ယာန်ဟူ၍ သူတို့ ဆွေမျိုး စုသုံး အိမ် ထောင်သာ ရှိခဲ့ပါ
။ ဆရာမ လေး မှာ အောင်လံနယ်တွင်အမှုတော်ထမ်း ဆောင် နေ
တွင်သူ၏ မိခင်အသဲအသန်ဖြစ်ရာ မှအမှုတော်ထမ်း ဆောင်မှုကို ခေတ္တ
ဆိုင်း ခဲ့ပါသည်။မိခင်မှာ တ နေ့တခြား နာတာ ရှည် ရောဂါဖြစ်လာ ရ
းအမှုဆောင်ဘဝမှလုံး ဝထွက်ခဲ့ရသည့်အပြင် မိခင်မှ သေမိမှာ ပင်
း ရိုး ရာအရထိုအိမ် ထောင်စုသုံး စုထည်းမှဆိုင်သူရုံး ဝန်ထမ်း တဦး
့လက်ထပ်ခဲ့ရပြန်ပါသည်။ မိခင်ကြီး မှာလည်း သေဆည့်တိုင် အောင် ဆေး
ကုသရသဖြင့်သမီး နှင့်သားမက်မှာအကြွေး ဒုက္ခနှင့်ရင်ဆိုင်ခဲ့ရပါသည်။
ကြောင့်ဆရာမ လေး မှာအိမ် ထောင်စုအတွက်ဝင် ငွေရရန်တဖက်တ
း မှကြိုး စား ရ တော့သည်။ ထိုမြို့တွင်အမှုတော်ထမ်း ဆောင်မည်ဆို
ာ်လည်း နှစ်ချင်း ခရစ်ယာန်ဟူ၍ မိမိတို့ ဆွေမျိုး သား ချင်းသုံးအိမ်
ာင်သာ ရှိသဖြင့်ထမ်း ဆောင်ရန်မလွယ်ကူချေ။ ထိုမြို့တွင်အင်္ဂလိပ်လက်
ာ်ကအသုံး ပြုခဲ့ သောအင်္ဂလိကန်ဘုရား ကျောင်း တ ကျောင်း ရှိပါသည်။
ာင်း သား တဦး မျှမရှိသည့်အပြင်ဘုရား ကျောင်း လေး မှာလည်း
ာင်း နွမ်း ပျက်စီး လျက်ရှိပါသည်။ ထို ကျောင်း က လေး ကိုပြုပြင်၍ ဝတ်
ိုး ကွယ်ခြင်းကိုအပတ်စဉ်ပြုလုပ်နိုင်ခဲ့ပါသည်။

ထို့ ကြောင့်ဆရာမ လေး မှာဝမ်း ရေး အတွက်လုံး ပမ်း နေရ
ာ ကြောင့်အမှုဆောင်လုပ်ငန်း ကိုအချိန်ပြည့်အပြုလုပ်နိုင်ခဲ့ပေ။ နောက်
တွင်ဆရာမ လေးအမျိုး သား ၏ရုံး အုပ်ကြီး ဇနီး သည်မှာငါး ရောင်း
်ဖောက်ကား မှုလုပ်ငန်း ကိုလုပ်ကာအိမ် ထောင်စုဝင် ငွေအတွက်ဆရာ

မလေးမှာ ငါးစိမ်းသည်အလုပ်ကိုလုပ်လိုက်ရပါသည်။

ဆရာမမှာအခြားငါးစိမ်းသည်များနှင့်မတူတမူထူးခြားပါသည်။ ဆိုင်ခန်းမှာသန့်ပြန့်ခြင်း၊ အပြောအဆိုချိုသာခြင်း သူတပါးအား စိတ်ရောကိုယ်ပါကူညီတတ်ခြင်း၊ အခြားသူများငါးမကုန်သေး၍ မိမိတွင်ကုန်လျှင်ကူညီရောင်းချပေးမှုကြောင့်အစ်မ အဒေါ်၊ စသည်ဖြင့် ဈေးသည်များ၏ရိုသေလေးစားခြင်းကိုခံခဲ့ရပါသည်။ ဈေးသည်တဦး ဆေးရုံတက်ရလျှင်သွားရောက်အားပေးခြင်း၊ ငွေကြေးလိုအပ်လျှင် ချေးသည်များစည်းရုံး၍ကူညီပေးခြင်း၊ စသည်တို့ကြောင့် ဈေးသည်များကသူမအား အလွန်ချစ်ခင်ကြသည်။ ထို့ကြောင့်လည်း ငါးစိမ်းသည်များသည်ဆရာမလေးအားအတုယူရတန်တူပါသည်။ ဖြိုးသမျှအဝတ်အထည်လေးအားသန့်ပြန့်စွာဝတ်ဆင်ခြင်း၊ အပြောအဆို၊ ချိုသာစွာရောင်းချနေခြင်း၊ စသည်တို့ကိုတွေ့နိုင်ပါသည်။ သို့သော်ဆရာမလေး၏သန့်ပြန့်မှုကိုမမှီပါ။ ဆရာမတို့အိမ်ထောင်ခရစ်စ်မတ်ပွဲပြုလုပ်လျှင် ဈေးသည်များလာရောက်ကူညီလုပ်ကိုင်ပေးကြသည်ဟုဆိုပါသည်။

ညနေပိုင်းတွင်ဆရာမအိမ်သို့ကျွန်တော်တို့သွားရောက်၍အတူတကွဝတ်ပြုခဲ့ကြပါသည်။ ဆရာမတို့၏အိမ်မှာသန့်သန့်ပြန့်ပြန့်ရှိပြီး သားသမီးများမှာလည်း ရည်ရည်မွန်မွန်သန့်သန့်ပြန့်ပြန့်ကလေးများဖြစ်သည်။ ၎င်းအိမ်ခြံဝင်းနှင့်၎င်းမိသားစုမှာပကာသတင့်လှပေ၏။ ဘုရားဝတ်ပြုချိန်တွင်အိမ်နီးချင်းများလည်းလာရောက်ကြပါသည်။ လိုအပ်ရာများကိုကူညီကြပါသည်။ ဈေးသည်များ သမဏအိမ်နီးနားချင်းများကလည်း ဆရာမတို့မိသားစုအား လေးစားကြောင်းစံနမူနာထားကြောင်းတွေ့ခဲ့ရပါသည်။ အိမ်နီးနားချင်းများသည်ခရစ်ယာန်သာသနာတရားကိုနားလည်သကဲ့သို့ရှိကြောင်းဝတ်ပြုကိုးကွယ်ခြင်းပြုရာ၌တွေ့ခဲ့ရပါသည်။ သူတို့၏အပြုအမူမှာခရစ်ယာန်ကဲ့သို့ပင်ဖြစ်နေသည်။ အပြောအဆိုကလေးများသီချင်းဆိုသံကလေးများကကျွန်တော့်အားပိုမိုသိလိစေပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းအပြီး၌ဆရာမလေးကအိမ်နီးပတ်ဝန်းကျင်ရှိလူငယ်ကလေးများနှစ်ချင်း ခံယူတော်



မည်ဖြစ်ကြောင်းပြောပြပါသည်။ ယခုတွင်ကျွန်တော့်မိတ်ဆွေသင်းအုပ်ဆရာကဥပုသ်နေ့များ၌ဆရာမကလေးအားအကူအညီတောင်းရကြောင်းပြောပြပါသည်။ ယခင်ကခရစ်ယာန်ဟူ၍အနည်းငယ်မျှရှိသော၍မြို့တွင်ဌာနအသီးသီးမှပြောင်းရွှေ့လာကြသောခရစ်ယာန်အိမ်ထောင်စုများများပြားလာမှုကြောင့်အသင်းတော်စည်ကားလျက်ရှိပါသည်။ ဆရာမလေးမှာတဖက်တလမ်းမှအမှုတော်ဆောင်ခွင့်ရရှိပါသည်။ ဆရာမလေးမှာတပတ်တခါအမှုတော်ဆောင်ရသောငါးစိမ်းသည်တဦးဖြစ်ပါသည်။ သူ၏ရိုင်းပင်းကူညီမှု၊ ဈေးသည်များအားစည်းရုံးနိုင်မှုပတ်ဝန်းကျင်၌အသက်ရှင်မှု၊ အမှုတော်ဆောင်ခြင်းသည်ကျွန်တော့်နှလုံးသားကိုပိုမိုရိုက်ခတ်လာစေပါသည်။

ကျွန်တော်ရှက်မိပါသည်။ ကျွန်တော့်မှာခရစ်တော်၌ပြည့်သူနှင့်အတူဟူ၍ခံယူထားသော်လည်း ယနေ့ထက်တိုင်ပြည့်သူကြား၌ခရစ်တော်၏ပုံသက်သေနှင့်အသက်ရှင်မှုကိုဖိဖိသသဖော်ပြနိုင်ခြင်းမရှိသေးပေ။ ပုံသာမကစံနမူနာထားလောက်အောင်လည်းမစွမ်းနိုင်သေးပေ။ အောင် – ကျွန်တော်နားလည်ပါပြီ၊ ခရစ်တော်ဘုရားကိုချစ်ခြင်းသည်ဘုရားကျောင်းအတွင်းဝတ်ပြုကိုးကွယ်ခြင်းနှင့်မပြီးပါ။ ခရစ်တော်ကိုချစ်ခြင်းသည်လူတန်းစားအလွှာအသီးသီးထဲ၌အနစ်နာခံ၍ပိုသာ၍ကပြုပြီးအသက်ရှင်ခြင်းသာဖြစ်ကြောင်းနားလည်မိပါသည်။ ငါးစိမ်းသည်ဆရာမလေးမှာပြည်သူအကြား၌ခရစ်တော်၏ပုံသဏ္ဌာန်အပြည့်နှင့်အသက်ရှင်နေမှုမှာကျွန်တော့်အတွက်စံထားစရာနမူနာယူရန်သာဖြစ်ပါတော့သည်။

အောင် – ငါးစိမ်းသည်ဆရာမလေးရယ်၊ ဆရာမအသက်တာကိုကျွန်တော်နားလည်သွားခဲ့ပါပြီ။

* ငိုးမအ စေခံ *

## * ဂုဏ်ယူပါတယ် စောရယ် *

ကျောင်းပြန်ဖွင့်တော့မယ်။ ဒီနေ့ မေလကုန်တဲ့နေ့ မိုး
ရွာနေတယ်။ စိတ်ထဲမှာမပျော်ဘူး ဖြစ်နေတုန်း ၊ မိုးတိတ်သွား တော့
ခရေပင် အောက်မှာသွားထိုင်နေမိတယ်၊ မျက်ခုံး တွေလည်း မှုန်နေ
တယ်။ကျိုးလည်း သာနေတယ်။ တွေး နေတုန်း-

"ဟော့- နန်း"

"ဟယ်- စောပါလား၊ ဝင်း သာလိုက်တာ၊ ဘာလို့လာတာ
လဲ၊ ဘယ်တုန်း ကလာလဲ၊ ဘယ်သွား မလို့လဲ၊ ပြောစမ်း ပါအုံး"

"များ လိုက်တဲ့မေး ခွန်း တွေကိုး ၊ တခုပြီး တခုမှ ဖြေရ
ပါစေလား၊ စော လေ [illegible] လာတက်တာ၊ အခုမှ ရောက်တာ
ရန်ကုန်ကိုလာတယ်ဆိုပါတော့၊ ကဲ ကြေနပ်ပြီလား"

"စောတကယ် ပြောတာလား ဟင်၊ ယုံရမှာလား၊ ဝေ
အလာကို စောင့်နေတဲ့နန်းရဲ့ မျှော်ရကြိုး နပ်ပြီ ပေါ့နော်၊ ဂုဏ်ယူပါ
တယ် စောရယ်၊ ကြိုဆိုပါတယ်။ စော၊ နန်းကို ပြောတဲ့စကား တွေမှတ်မိ
သေး လား ဟင်၊ နန်းတို့လိုအမှု ဆောင် တွေဟာ နွေကာလမှာ နေက
ပူ၊ လေတိုက်၊ သစ်ရွက် တွေတဖြုတ်ဖြုတ်ကျ နေတဲ့အချိန်မှာထီး မပါ၊
ဖိနပ်မပါ၊ ရေဘူး မပါဘဲနဲ့ လျှောက်ရတဲ့လူ တွေလို့ ဒုက္ခ တွေ့ နဲ့အများ
ကြီး ရင်ဆိုင်ရတယ်။ ချွေး ထွက်ရမယ်၊ စာတန်မာရ်နတ် နှောင့်ယှက်
မယ်၊ ကုန်ကုန် ပြောရရင်အမှု တော် ဆောင်မဖြစ် အောင်တိုက်ထုတ်
မယ်လို့ စော ပြောခဲ့တာမှတ်မိ သေး လား ဟင် စောဒီနေရာကို
တသက်လုံး မလာဘူး ၊ လောကီ ရေး ရာမှာဘဲ ပျော် မွေ့မယ်လို့
ပြောခဲ့တာ တွေ၊ မှတ်မိပါသေးလားနော်၊ ကြာမှမကြာ သေး ဘဲ၊ မဟုတ်
လား "

"မှတ်မိတာ ပေါ့နန်းရယ်၊ ကြည့်စမ်း၊ ဘတ်စ်ကား တွေ
အလုပ်ရုံ တွေ၊ ဈေး သည် တွေ၊ မှောင်ခိုသမား တွေဒါ တွေဟာလူ
တွေကိုစား ဝတ် နေ ရေး ပြည့်စုံ ငွေရရုံအဖို့ကထား ပြီးတိုး မြှင့်
လုယက် ရောင်း ဝယ် နေကြတာ၊ မြင်ရ တော့ လောဘအ တော မ
သတ်ဆိုသလို တွေ့ထိခံစား လာရတယ်အနန်းရယ် "



ဘာလဲ- စောအမြင်မှန်ရလာပြီ ပေါ့နော်၊ ဒါမှ မဟုတ်အကြံကုန်ဂ[illegible]
ား ချက်တာလား ?"

"မဟုတ်ပါဘူး နန်းရယ်၊ ရေဘူး နဲ့ဖိနပ်မပါရင် နွေအခါသိ
မယ်၊ ဒါနန်းနဲ့သိလမပါရင် သေခါမှသိရမယ်၊ ဒါကြောင့်ဒီအချ[illegible] တွေကိုရင်
ဆိုင်ရမှာ စော ကြောက်တယ်နန်း၊ ဘုရား ရိပ်မှာဆို ကြောက်စရာမလို
ဘူး လို့၊ စော ယုံကြည်တယ်၊ စော ဆုံး ဖြတ်ချက် ချလိုက်ပြီ နန်း ရေ၊ စော လေ
ပွင့် ကြွေသည့်အထိ ၊ ရနံ့ပြယ်သည့်အထိ၊ ဒီကုန်ကုန် ပြောရရင် သေတဲ့အထိ
ဘုရား ရှင်ထံအောက်ကပ်လိုက်တာ ပါနန်းရယ်။ "

"စော နောင်တရတာ နန်းဝမ်း သာပါတယ်။"

"နန်းဝမ်း သာတာမြင်ရ တော့ လေ၊ စော လေ ပိုပြီးကြီး ဝါး
မယ်၊ အား တက် မယ်၊ အဲဒါ တော့ယုံပါ။ "

"စောရယ်- နန်းတကယ်ဝမ်း သာမိပါတယ်။လူသား ဖြစ်တဲ့
နန်းတို့ ယောက် တောင်ဒီ လောက်ဝမ်း သာရင်ဘုရား ရှင်က တော့ ပြော
စရာမရှိ လောက် အောင်ဝမ်း သာပြီ ပေါ့။ ပျောက် သောသား လိုအမြင်
မှန်နဲ့ စောတက်ကပ်တာကိုဂုဏ်ယူပါတယ်။ နန်းတခုမှာခြင်တယ်၊ ဆင်ကြယ်
ခြင်း ၊ နာခံခြင်း ၊ ချိုးခြံခြင်း ၊ ပါရမီသုံး ပါး ကို တော့အမြဲလိုက်နာ
ပါစေရယ်: "

"နန်း- ဒီလိုကူညီမစ သုံး မတာ တွေကို စော လိုက်နာကျင့်သုံးပါ့
မယ်။ ကျောက် [illegible] တ စေ့လိုအဖိုး တန်လာ အောင် ဆောင်ရွက်မယ်။
နန်းနဲ့ထာဝရလက်တွဲပြီးအမှု တော်ကိုအသက်ထက်ဆုံးထမ်း ဆောင်ပါ့မယ်လို့
နန်းကို စောကတိပြုပါတယ်။ "

"ဟော- စောနား ထောင်စမ်း ၊ ဘယ်အဖွဲ့ကသီချင်း ဆို
နေလည်း မသိဘူး "

ခရစ် တော်ထွက်မှု တော်တွက်၊ သက်ရှယ်နုပျိုချိန် ရွက်ဆောင်
မယ်၊ ရှေ့ချီတက်: မကြောက်ပါနဲ့၊ တက်ညီလက်ညီ မရှောစတမ်း ကွယ်။
မာရ်နတ်ရန်ကိုဖြိုကာခွင်း ခဲ့ရဲတဲ့ဒို့လူငယ်၊ ယုံကြည်ခြင်း ကိုဒိုင်းလွှား
ပမာထား ဖြိုး ရှေ့သို့ချီ၊ ကယ်တင်ခြင်း သံခမောက်ကို ဆောင်း မည်။
ခိုင်မာသစ္စာခါး ပန်း ကိုစည်း ကား ဖြောင့်မတ်ဓား ငြိမ်သက်ခြင်း ခြေ
စွပ်နှင့်နှုတ်ကပတ်တော် ဓါး ကိုင်ကာ၊ ပြေး ပြေး ပြေး မာရ်နတ်

တွေ့တုန်တုန်ရီ၊ ယုံခြင်းရဲ့ဒဏ်မခံနိုင်၊ လူငယ့်အား မာန်မှည်ပြိုင်
မာရိနတ်ရန်ကိုဖြိုကာခွင်း မဲ့ရဲတို့ဒို့လူငယ်။

*ဂရေ-တင်တင်စော*

ooooooooooooooooooooooooooooooo

*ဆန္ဒ*

ooooo

မိုး ရွာရင်မိုး ရေချိုး မယ်၊ မေမေလာရင်မွှေးမှိုးမယ်၊ ဖေဖေလာရင်အုန်းသီး ခွဲစား မယ်၊

မိုး ကလေး ညိုလာရင် နွေး စိတ်ကူး မိတယ်၊

``ဟော့ နွေး နဲ့ ဝေ မင်း တို့နှစ ယောက် ကသီချင်းတပုဒ်ကို၊ ကိုယ့်ခံစား ချက်နဲ့ကိုယ်၊ ကိုယ်စီ ရွေး ထုတ်ဆို နေကြတာလား ``

``ဟုတ်တယ်စု ရေ၊ ဝေက တော့လယ်သမားသမီး ဖိဖိ၊ မိုး ရာသီဆို မိုး ရွာမ ပျော်တာ၊ မိုး ခေါင်ရင်သိပ်စိတ်ပူတာပဲ၊ မိုး ရွာမှပဲ ဖေဖေနဲ့အခြား လယ်သမား တွေပါလယ်ထွန်ပြီး စပါးစိုက်နိုင်မယ် လေ။ဒါမှ ဝေတို့ထမင်း ကောင်း ကောင်း စား ရမှာပေါ့``။

`` နွေး က တော့ ဝေနဲ့ဆန့်ကျင်ဘက်ပဲစု ရေ၊ နွေးမေမေကဟင်း ရွက် ရောင်းစား နေရတာ၊ မိုး ရွာရင် ဈေးရောင်းမကောင်း ဘူး ၊ တနေ့စာတနေ့အတွက် ဈေး ရောင်း ရမှဖြစ်မှာဒါကြောင့်မို့၊ မိုး ရွာမှာကို နွေး သိပ်စိုး ရိမ်တယ်။ ခုလည်း မိုး ညို နေပြီ လေ၊ အိမ်အတွက်စိတ် ပူ မိတယ်စု ရေ၊ ``။

`` အော်-ခုမှပဲ၊ မင်း တို့နှစ ယောက်ရဲ့ခံစား ချက်တွေကိုစု သိရ တော့တယ်။ နွေး ရယ်-ဝေနဲ့ နွေး တို့နှစ်ယောက်တသင်း ရဲခြင်း တူ ပေမဲ့ဆင်း ရဲပုံမတူကြ သေး ဘူး နော်၊``။

``ဟုတ်တယ် ဝေ၊ ဝေကမိုး ရွာရင်ပျော်ရတဲ့လူ နွေးကမိုး ရွာရင်စိတ်ညစ်ရတဲ့သူဆို တော့ဘယ်တူကြမှာလဲ``၊

`` အေး ပါသူငယ်ချင်း တို့ရယ်၊ စိတ် အေး အေး ထား



ကြပါ၊ ဒီကိစ္စ တွေကိုဘုရားသခင်လက်ထဲအပ်လိုက်ပါ။ ဘုရား သခင်စီမံပေး လိမ့်မယ်။ ပင်း တို့အ ပေါ်ဆရာလုပ်တာ တော့မဟုတ်ပါဘူး နော်။ လုကာ ၉း ၆၂-မှာခရစ် တော် ယေရှုက ပြောတယ်၊ ထွန်တုန်း ကိုင်ပြီး နောက်လှည့်ကြည့်တဲ့သူဟာဘုရား သခင်နိုင်ငံ တော်နဲ့မထိုက်တန်ဘူးတဲ့၊ မဿဲ ၆း ၃၄-မှာလည်း နက်ဖြန်အဖို့မစိုး ရိမ်ကြနဲ့၊ နက်ဖြန် နေ့ဟာ မိမိမဖို့စိုး ရိမ်လိမ့်မယ်တဲ့။``ဒါကြောင့်မို့စိတ် အေး အေး ထား ကြပါနော်။ ဘာမှ တွေး ပူမ နေကြပါနဲ့ တော့။ အပူအပင်ဆိုတာဘယ်သူကမှလိုခြင်မှာလဲစုရယ်၊ အခြေအနေကဒီလိုပဲ ပေး လာတာမို့၊ နွေး ကစိတ်ပူတတ်တာပါ။ ``

`` ဒါနဲ့ ဝေ-ရေ နွေး တခုစဉ်း စား မိတယ်၊ ဒို့တ တွေအမှု တော်ဆောင်တို့ပြင်ဆင်မှုအနေနဲ့ဒီ ကျောင်းကိုရောက်လာတာဟာ ဒို့တတွေက ဆက်ကပ်တာလား ၊ ဘုရား သခင်ကပဲ ခေါ်တာလား ``၊

``တကယ်တို့ဘုရား သခင်က ခေါ်တယ်ဆိုရင်ဘာ့လို့သူ ငွေး တွေချမ်းသာ မ ခေါ်ဘဲနဲ့ နွေး တို့ ဝေတို့လိုဆင်း ရဲသား တွေကို ခေါ်ရတာလဲနော် သူ ငွေး တွေကို ခေါ်ရင်သူတို့အိမ်အတွက်မပူပင်ရ တော့ပဲစိတ် ဖြောင့်ဖြောင့်နဲ့ပြင်ဆင်ရမှာ ပေါ့၊ ``။

``ဒီလိုဖြစ်လိမ့်မယ် နွေး -အမှန် တော့ခရစ် တော်က ခေါ်လို့ဒို့တ တွေကဆက်ကပ်လာတာပါ၊ တမန် တော် ခေတ်မှာကြည့်ပါလား ၊ တမန် တော် တွေကိုခရစ် တော်က ခေါ်လို့သူတို့လည်းခရစ် တော် နောက်လိုက်ကြတာမဟုတ်လား ၊ သူတို့တ တွေဟာလည်း ၊ အများ အား ဖြင့်တံငါသည် တွေဆင်း ရဲသား တွေပါ။ အခု နေသာဘုရား သခင်ကသူ ငွေး တွေကို ခေါ်နေရင်၊ ကျောင်း ရဲ့ကျင့်သုံး မှုတခုဖြစ်တဲ့ချိုး ခြိုခြင်း ဆိုတာကိုဘယ်လိုကျင့်သုံး နိုင်ပါ့မလဲ၊ အခုဆိုဒို့တ တွေတလကိုစတိုင်ပင်နှစ်ဆယ်ကျပ်နဲ့လောက်ငအောင်သုံး နိုင်တယ်။ သူ ငွေး တွေဆိုသုံးနိုင်ပါ့မလား၊ ``။

``ဟုတ်သား ပဲ နော်၊ နွေး အစက ဒီလိုမစဉ်း စား မိဘူး ၊``

× × × × × × × × × × × × × × × × ×

`` ဟေး -ဝေ နဲ့စုတို့ပြန်လာကြပြီ နော်၊ ဟင်-ဝေ့မျက်နှာလည်း မကောင်း ပါလား ၊ ဘာများ ဖြစ်လာတာလဲ၊ ``

`` မကောင်း ဆိုအ ကြောင်း ရှိလို့ ပေါ့စု ရေ၊ ဒီ စ နေ

နေ့၊ ကျောင်းအားလို့အချိန်ကလေး ရတာနဲ့အသိအရာမတယောက် ဆီအားကိုးတကြီးနဲ့သွားတာ၊ ဟိုရောက်တော့အဆင်မပြေခဲ့ဘူး လေ။''

''ဘယ်လိုအဆင်မပြေတာလဲဝေရဲ့၊''

''ဒီလိုပါစုရယ်၊ ဝေ့မှာ ငွေသိပ်လိုနေလို့သူ့ဆီသွားပြီး အကူအညီတောင်းတာ၊ ဘူကမရှိဘူးတဲ့။ ဝေ့ကိုဆင်းရဲသားဆိုပြီး၊ ပြန်မပေးနိုင်မှာစိုးလို့လား၊ မသိဘူး၊ အခုမှလဆန်းရက်ရှိသေး တာ၊ သူမပေးခြင်တော့လည်း ဝေဘယ်တတ်နိုင်မှာလဲစုရယ်၊ မျက်နှာ ငယ်ငယ်နဲ့ပြန်လာရတာပေါ့။ ဒါနဲ့မပြီးသေးဘူး၊ လမ်းမှာပြန်လာ တော့အသိတယောက်နဲ့တိုးပြန်တယ်၊ သူနဲ့စကားပြောမယ်ကြံတယ်၊ မင်းတို့ကျမ်းစာကျောင်းတက်တာ၊ ဘာရည်ရွယ်ချက်နဲ့လဲတဲ့၊ ဝါက တော့ အကြိုက်နံလို့ဂရုံအားချက်တွက်တာဝဲထင်တယ်တဲ့။ ဒီတော့ဝေကဘာမှ ပြန်မပြောနိုင်ခဲ့ဘူး၊ ဝေ့စိတ်ထဲမှာ ဒေါသအမျက်ထွက်လို့စကားဆက် မပြောချင်တော့တာနဲ့၊ ငွေးကိုခေါ်ပြီး၊ လှည့်ပြန်လာခဲ့တာပေါ့ သူပြောလိုက်တာကို ဝေတလမ်းလုံးပြန်စဉ်းစားမိခဲ့တယ်။ သူ့အမြင် နဲ့သူပြောတာကိုခွင့်လွှတ်ရမှာပေါ့လေ။''

''အေးလေ–အခုကျောင်းတက်နေတဲ့သူတွေကသတ်မှတ်ထား တဲ့အဆင့်ထက်ပြည့်မှီတဲ့သူတွေကနဲတယ်မဟုတ်လား၊ ဒါကြောင့်မလို့သူဒီ လိုပြောတာဖြစ်လိမ့်မယ်။ ဒါပေမဲ့သူလေးလေးနက်နက်စဉ်းစားကြည့်မယ်ဆိုရင် တော့သူဒီလိုမြင်မှာမဟုတ်ပါဘူး။ တကယ်လို့သာအကြိုက်တိုင်းဂရုံအားချက်ဖို့ရောက်လာကြတယ်ဆိုရင် တော့ဒို့ကျောင်းမှာ ကျောင်းသားတွေပြည့်လျှံနေလို့အသင်းတော်က တောင်ထမင်းကျွေးနိုင်တော့မှာမဟုတ်ဘူး၊''

''ဝေရယ်–သူဒီလိုပြောလိုက်တာဒို့အသင်းတော်ရဲ့အမှု တော်ဆောင်ဆုန်းကြီးတွေ၊ သာသနာပိုင်ကြီးတွေကိုစော်ကားတာနဲ့အတူတူပဲလို့စုထင်တယ်။ထားလိုက်ပါတော့လေ၊ အကြိုက်နံလို့ ပဲအသင်းတော်ကိုကြည့်ရှုနေတဲ့သာသနာပိုင်ကြီးတွေ၊ ဘုန်းတော်ကြီးတွေရှိနေတာမဟုတ်လား၊ မဟုတ်ရင်တော့–ဒို့အသင်းတော် ရဲ့အခြေအနေဘယ်လိုဖြစ်နေမှာလဲ၊ သူဒါကိုမစဉ်းစားမိဘူး တင်တယ်''။



'''ငွေးအနေနဲ့တော့တို့ထတွေရဲ့အားနည်းချက်ကိုသူတွေ့လို့ ဖြစ်လိမ့်မယ်။ ဒါပေမဲ့–သူဒီလိုပြောတာထက်ဒို့တတွေရဲ့အားနည်းချက်ကို ထောက်ပြရင်ပိုကောင်းတာပေါ့၊''၊

''ဟဲ့ငွေးနဲ့ဝေ–ခုသူဒီလိုပြောလိုက်တာတောင်စုတို့သူ့ကိုကျေး ဇူးတင်ရမဲ့ပုံပေါက်နေပြီ။ ဘာဖြစ်လို့လဲဆိုတော့နောက်ဆိုရင်ဒီလိုအပြော မခံရအောင်၊ ဒို့ရတွေအမှုတော်ဆောင်ဘို့၊ ကျမ်းစာကျောင်းတက်ကြ ပါလို့၊ အသင်းတော်ကိုကြေငြာလိုက်မယ်လေ။''။

''စုဒီလိုကြေငြာလိုက်တာတော့ဟုတ်ပါရဲ့၊ ဒါပေမဲ့တချို့ကစော ဒကတက်ကြမှာ၊ တပန်တော်တွေခေတ်ဆိုးကတမန်တော်တွေဘယ်လောက် ပညာရှိလဲလို့ပြောကြအုံးမယ်၊''

''ဒို–အဲဒါတမန်တော်တွေခေတ်၊ အခုတိုးတက်နေတဲ့ခေတ်ကွဲ။ ဘယ်တူပါ့မလဲ၊ ခေတ်ကြီးတိုးတက်နေသလိုတို့အသင်းတော်ကြီးကလည်း၊ တိုးတက်ရမှာပေါ့၊ ဒီတော့ပညာတတ်အမှုတော်ဆောင်တွေများများ မွေးထုတ်နိုင်ရမယ်လေ။''

''ဟဲ–ဒါတွေဟာဒို့တတွေရဲ့ဆန္ဒတွေပါ၊ ဒီဆန္ဒအောင်မြင်ဘို့ ဒို့ဘယ်လိုလုပ်ကြမလဲ''

''မခက်ပါဘူးစုရယ်၊ မသဲ ၁၀း ၂၀–မှာ၊ အကြင်အရပ်၌ လူနှစ်ဦး သုံးဦးတို့သည်ငါ၏နာမကိုထောက်၍စည်းဝေးကြ၏။ ထိုဇ ရပ်၌သူတို့အလယ်မှာငါရှိသည်လို့မိန့်တော်မူခဲ့တယ်မဟုတ်လား၊ ယော– ဟန်–၁၄း ၁၄–မှာ၊ လည်း သင်တို့သည်ငါ၏နာမကိုအမှီပြု၍တစုံတခု သောအရာကိုတောင်းလျှင်တောင်းသည့်အတိုင်း ငါပြုမည်တဲ့။ဒို့တတွေအတူ တကွဆုတောင်းကြရင်ဒို့ရဲ့ဆန္ဒတွေအောင်မြင်လာမှာပါ။ ပြီးတော့ ဒို့တတွေလည်းထက်ကဝ်ဘို့အခုပြင်ဆင်နေတဲ့အချိန်မှာနောက်သံမတင်း စိတ်မညစ်ဘဲဝစ်မှန်တဲ့အမှုတော်ဆောင်တွေဖြစ်ဘို့ကြိုးစားကြပါစို့ နော်–

OOOOOOOOOOOOOOOOOOOOOOOOOOOOOOOO

## * ကတိပြုပါတယ် *

အင်း – မိုး ရာသီဆိုတော့လဲ မိုး ရွာလေတိုက်၊ လျှပ်စစ်လက် မိုး ချိန်း၊ တဲ့အသံဘဝင်တုန်လှုပ်စရာ ကောင်း ပါလေး တို့စိတ်ထဲမှာ ရေ ရွတ်နေမိရင်း နဲ့၊ မိုး တွေသဲသဲမဲမဲရွာချနေတယ်။ ညအိပ် ခေါင်း လောင်း ၊ ထိုး ပြီး ပေမဲ့ကြည်ပြာ မအိပ်ချင် သေး ဘူး ၊ စိတ်ထဲမှာလဲ ဘယ်လိုကြီး စား အား ထုတ်ရမလဲဆိုတာ စဉ်း စား နေမိတယ်။ ကြည်ကြ တယောက်အချိန်ပြည့်အမှုတော် ဆောင်ထမ်း ဆောင်ဘို့သန့်ရှင်းသော ကာ း တိုင်မ မြတ်ဆိုလ်မှာ တတိယနှစ် ယောက် နေပြီ ပေါ့။ မှတ်မိ သေး တယ်။ ကုန်လွန်သွား တဲ့အချိန်မှာအ ပျော်ဆုံး နေ့တ နေ့လို့သတ်မှတ် မိတဲ့ အချိန် လေး နဲ့အဖြစ်အပျက် လေး ကိုသတိရ နေမိတယ်။ အဖြစ် လေး ကို မြင် ယောင် မိရာမှ စုစ်း နည်း သလို၊ ရင်နာသလိုနဲ့ မျက်ရည်မကျ အောင်ထိန်း ထား ပေမဲ့ လည်း မရဘူး ၊ အင်းလို့ – သက်ပြင်း ခါခါ ချလိုက်မိတယ်။ ဟိုတချိန်တုန်း ကသာ ယာလှတဲ့ နေ့တ နေ့မှာ ပေါ့ – –

ရေ ဝတီမြစ်ရဲ့သည်း ထာ အလှနဲ့အတူလပြည့်ညက လေး ဟာ ကမ်း စပ်မှာထိုင် နေတဲ့ ကြည်ပြာ နဲ့ဖြူ လေး နှစ် ယောက်ထဲ ချစ်သူတို့ ဘဝအတိုင်း ပျော် မွေ့မဆုံး ၊ ကြင်နာယုယ နေကြတာကိုလမင်း က အလင်း ရောင် ပေး နေတယ်။ ဒီ ဒီ နေ့ကဖြူ လေး ဟာ ကြည်ပြာ့ဆီက ကတိတခု တောင်း ခဲ့တဲ့ နေ့ နော် ၊ ဖြူ လေး မေး လိုက်တဲ့စကား ကိုကြား ယောက်လျက်ပါဝဲ၊

``ကြည်ပြာ – – – ဖြူ လေး ကိုမညာ နဲ့ နော်၊ အမှန်အတိုင်း ရင်ထဲက ဖြေ စေခြင်တယ်။ ``

``ဖြူ လေး ရယ်ဘယ်လို ပြော ရမလဲ၊ ဖြူစင်တဲ့ချစ်ခြင်း မေတ္တာ နဲ့အတူ ပေး ဆပ်ခြင်းထာ ဝစဉ်လက်တွဲ မဖြုတ်စတမ်း ၊ ထာ ဝစဉ်ချစ် နေမယ်လို့ကတိပြုခဲ့ပါတယ်။ ကြေနပ်ပြီ နော်၊ ``။

ဝမ်း သာ ပီတိဖြစ်တဲ့ဖြူ လေး ရဲ့မျက်နှာ ဟာ ဘတိမ်စင် တဲ့လမင်း လိုအနုပြည့်ဝပြီး ပျော်မဆုံး ဖြစ်ခဲ့တာ ကို တွေ့ခဲ့ရတယ် အ ပျော်ဆုံး နေ့တ နေ့ရယ် ပေါ့။ ကံကျမ္မာ ကိုမလွန်ဆန်နိုင်ဘူး ဆို တာမှန် နေမလား ၊ မ မျှော်လင့်တဲ့တ နေ့ဖြူ လေး ရဲ့ သတင်း ကိုကြား ရတယ်။ ကြည်ပြာ သိပ်ချစ်တဲ့ဖြူ လေး တ ယောက်ချစ်ရတဲ့သူ နဲ့ လက်တွဲသွား ပြီ၊ တာ မှမကြား ချင် တော့ဘူး ၊ အသက်ရှူနှုန်း လည်း နှေး လက်တွဲသွား ပြီ၊ ရင်ထဲမှာလည်း ရထား နှစ်စင်းပြိုင် မောင်းသလိုခုန်လာ လိုက်မြန်လိုက်၊ ရင်ထဲမှာလည်း ရထား ... တယ်။ ကြည်ပြာ ပြောလိုက်မိတယ်။ ရက်စက်လိုက်တာဖြူ လေး ရယ်။ ကြည်ပြာ အသဲ ကွဲရပြီ ပေါ့။ ဟုတ်ပါတယ်။ တခါမှအသဲတမျှမချစ်ဖူး သေး တဲ့ကြည်ပြာ့အနား က နေဖြူ လေး ခွာ သွား ခဲ့တယ်ဆို တော့ ပါး စပ်တိုး တိုး ပြော လိုက်မိတာ က တော့ – ရက်စက်လိုက်တာဖြူ လေး ရယ်၊ ကြည်ပြာ အသဲကွဲလုမတတ် အောင် ခံစား ရတယ်။ ရင်နာမိတယ်။ ပေး တဲ့ကတိ တွေ၊ မေ့သွား ပြီလား ၊ အ ခြေအ နေ ကြောင့်ဖြစ်သွား ရတာလား ဖြူ လေး ရယ်။ ဒါပေမဲ့ ခွင့်လွှတ် ခြင်း ဟာအ ကောင်း ဆုံး ပဲလို့မှတ်ယူမိတယ်။ ကြည်ပြာ ကိုယ့်ကိုကိုယ် ဖြေသိမ့် ရပါတယ်။ ဖြူ လေး တို့ ရဲ့ချစ်ခရီး လမ်းထာ ဝစဉ် ပျော်ရွှင်နိုင်ပါစေလို့၊ ဆု တောင်း ပေး လိုက်ပါတယ်။

ဝေး ပြေတ နေရာကကျန် ရစ်သူကြည်ပြာ ဆု တောင်း ပေး လိုက်ပါတယ်။

အော် – ဖြူ လေး – ဖြူ လေး – ကြည်ပြာ ကို ပေး ခဲ့တဲ့ကတိ – ကတိ – ။

အ ကောင်း တွေကား ရင်း မှ ခွေး ဟောင်သံ ကြောင့်အ တွေး ကို ဖြတ်လိုက်ပြီး အပြင်ထွက်ကြည့်မိတယ်၊ မှောင်တဲ့ မဲမဲဘဲ၊ အော် – မနက် ဖြန်တနင်္ဂနွေ နေ့ပါလား ၊ စက္ကရမင်တမင်္ဂလာတပါး ဖြစ်တဲ့ ဗတ္တိဇံ နေ့ ပါလား ၊ အဲ ကြောင်း ကိုသာ နေ တွေး နွေး ကြမယ်ဆို တော့ပြင်ဆင်ထား ရမယ်။ ဖြူ လေး ဟာ ကတိပျက်ခဲ့ ပေမဲ့ ကြေနပ်မှုဖြစ်လာတယ်။ ဖြူ လေး ဟာ ကတိပျက်ခဲ့ ထိုင် နေရင်း မှာ ပဲ ... တွေး ... တွေ့သူတ ယောက်၊ ကြည်ပြာ က တော့ကတိမပျက်ခဲ့ဘူး လို့ထင် မိတယ်။ ခု တော့ ကတိပျက်ခဲ့တဲ့သူ တွေထဲမှာကြည်ပြာ တ ယောက်အပါအဝင်ဖြစ် နေပါလား လို့ ကတိပျက်ခဲ့တဲ့သူ တွေထဲမှာကြည်ပြာ ... ဗတ္တိဇံ တွေး မိတယ်။ တာ ကတိဘယ်အချိန်ကပြုခဲ့လို့ဘယ်အချိန်မှာ ပျက်ခဲ့လဲ၊ ဗတ္တိဇံ ခံတုန်း ကကြည်ပြာ ငယ် သေး တော့ ခေါင်း ကိုင် မိဘ တွေကိုယ်စား ၊ လော က၊ မာ နာ် ကိုယ်ကာယတတ်မက်ခြင်း တို့ကိုစွန့်ပယ်ဘို့၊ ခမည်းတော် သား တော်၊ သန့်ရှင်း သော ဝိညာဉ် တော်ကိုယုံကြည်ဘို့နဲ့၊ ပညတ် တော် တို့ စောင့်ရှောက်ပါမည့်အ ကြောင်း ၊ ဘုရား ရှင်ကိုကတိပြုခဲ့တယ်။ အ ရွယ် ရောက်လာလို့လက်တင် မင်္ဂလာ ခံတဲ့အခါမှာလည်း ၊ ကြည်ပြာ ကိုယ် တိုင် ဘုရား ရှင်နဲ့လူပရိတ်သတ်အ ရှေ့မှာ ထပ်မံပြီးကတိပြုခဲ့ပြန်ပါတယ်။ ဘာ ကတိပြုခဲ့သလဲ၊ ဘယ်သူ နဲ့ကတိပြုခဲ့သလဲ၊ ပြန်လည်ဆန်း စစ်စဉ်း စား မိတယ်။ ဘုရား ရှင်နဲ့ကတိပြုခဲ့တယ်ဆိုတာ သိလာ ရတယ်။ ဒီပြုခဲ့တဲ့ကတိ တွေကိုဘယ်အတိုင်း အတာ အထိလိုက် ရှောက်ခဲ့သလဲ၊ ဒါမှမဟုတ် –

တယ်အတိုင်း အတာအထိကတိပျက်ခဲ့သလဲဆိုတာကို သို့ကိုကိုယ်ပြန် မေး ကြည့် မိတယ်။ မေး ခွန်း တွေရဲ့အဖြေကိုကြည်ပြာ အသိဆုံး ပါ။

အသဲတမျှချစ်မြတ်နိုး ခဲ့ရတဲ့ဖြူလေး တယောက်ကတိပျက်ခဲ့လို့ ကြည်ပြာတယောက်အသဲကွဲလုမတတ်ခံစား မိခဲ့တယ်။ ဖြူလေး ဟာကတိ ပျက်ခဲ့သူသနားမရှိတဲ့ ယောကျ်ား တယောက်လို့ယူဆမိတယ်။ ကြည်ပြာ လည်းဖြူလေး လိုပဲကတိပျက်ခဲ့သူသနားမရှိတဲ့ မိန်းကလေး တယောက်ပဲ ဘုရား ရှင်ဟာကြည်ပြာ့ကိုအလွန်ချစ်ပါတယ်။ ဖြူလေး ကိုချစ်တာထက် အဆပေါင်း များစွာနှိုင်း ဆမရအောင်ဘုရား ရှင်ချစ်ပါတယ်။ ချစ်လို့ကတိသနားပြုခဲ့တယ်။ ဒါပေမဲ့-အသက်တာကိုဆန်း စစ်ကြည့်ရင် ဘုရား ရှင်နဲ့ပြုခဲ့တဲ့ကတိ တွေကိုပြည့်စုံလိုက် ရှောက်တာထက်ပျက်ခဲ့တဲ့အ ချိန်ပေါင်း ဟာမရေတွက်နိုင် အောင်ပါပဲ။ ကြည်ပြာကတိမတည်မှု သနားမရှိမှုကြောင့်ဘုရား ရှင်လည်းအသဲကွဲလုမတတ်ခံစား မိမှာအ မှန်ပဲ၊ ကြည်ပြာဖြူလေး အပေါ်ချစ်တဲ့အချစ်၊ ဘုရား ရှင်ကကြည် ပြာ့အပေါ်ထား ခဲ့တဲ့ချစ်ခြင်း မေတ္တာကိုနှိုင်း ယှဉ်လို့မရပါဘူး ။ အေး မြတာနဲ့၊ ပူလောင်တာပဲကွာခြား ပါတယ်။ နှိုင်း ဆမရတဲ့ ချစ်တဲ့ဘုရား ရှင်ကိုကတိပျက်ခဲ့ ပေါင်း များ လှပါပြီ။ ဘုရား ရှင် လည်း ၊ အသဲကွဲရင်နာမှာပဲ နော်၊ အော်-တကယ် တော့ကြည်ပြာ ဟာကတိမတည်သူ၊ သနားမရှိတဲ့သူတ ယောက်ပါလား ၊

ညနက်ရုံမကဘူး ၊ မိုး တောင်လင်း တော့မယ်။ တမှေး မှပမှေး ရသေး ဘူး ဖြူလေး ရယ်-သင်ခန်း စာယူဘို့ဘာမှမပြင် ရသေး ဘူး ။ ဒီနေ့ဘုံး ဖြတ်ချက်တခုချမှဖြစ် တော့မယ်။ ဘုရား ရှင်နဲ့ပြုခဲ့တဲ့၊ ကတိ တွေကိုအတတ်နိုင်ဆုံးအကောင်ကဝ်မှုအပြည့်အဝနဲ့လုပ် ဆောင် တော့မယ်လို့ ၊ ဘု တောင်း ပြီး ဒိဝ် တော့မယ်။

ဒီအတ---ကျွန်မ၏အပြစ်ကို ဖြေလွှတ် တော်မူပါ။ ကိုယ် တော်ရှင် နှင့်ပြုခဲ့သော ကတိ များ တိုပြည့်ဝစုံလင် စေရန်ခွန် အား ပေး သနား တော်မူပါ။ အလို တော်အတိုင်း အသုံး ပြု တော် မူပါ။ ကိုယ် တော်၏လမ်း ပြချိုး မှ အောက်၌အသက်ရှင်သွား ရန် သွန်သင်၍ကျူနီး မခချမ်း သာစွာဖြင့်အမှု တော်ကိုဆက်လက်ထမ်း ဆောင်နိုင်ခွင့်ပြု တော်မူပါ။ ခရစ် တော်၏ နာမ တော်



၌နိုင့်ချခြင်း ဖြင့်သု တောင်း ပါ၏။ ။ အာမင်။

ရှေ့အသက်တာတ လျှောက်လုံးကိုယ် တော်ရှင်နှင့်ပြုခဲ့သမျှ သောကတိ များ ကိုလိုက် လျှောက်ပြည့်စုံ စေပါမည်ဟုကိုယ် တော်ရှင်အား ကတိပြုပါသည်။ ``အကြင်သူသည်အဆုံး တိုင် အောင်တည်ကြည်၏။ ထိုသူသည်ကယ်တင်ခြင်း သို့ ရောက်လိမ့်မည်`` (မဿဲ ၂၄း ၁၃)

*ကြည်ပြာ*

## ``အလွမ်းသစ်``

သူငယ်ချင်း များ ကိုနှုတ်ဆက်ပြီး ၊ ဈေး မှအိမ်သို့ပြန်ခဲ့သည်။ လမ်း မကြီး အတိုင်း ပြန်လာခဲ့စဉ်လမ်း တဆစ်ချိုး အတွေ့၌ဘုရား ကနဲဘု ရား ကျောင်း ကြီး ကိုအဝေး မှမြင်လိုက်ပါသည်။ စိတ်ထဲ၌၊ အော်-ဘုရား ကျောင်း ကြီး ပါလား ၊ ဟူ၍ပင် ရေရွတ်မိလိုက်ပါသည်။ အဘယ် ကြောင့်ဆို သော်ဘုရား ကျောင်း နှင့် ဝေး ကွာခဲ့သည်မှာအ တော်ပင်ကြာခဲ့ပြီဖြစ်၏။ ဒါဟာခရစ်ယာန်တ ယောက်ဖြစ်ပြီး ၊ ဘုရား ကျောင်း သွား ဘို့စိတ်မကူး ခဲ့ပါလား ၊ အ ပေါင်း အသင်း တွေနဲ့ ပျော်ပျော်ပဲ နေဘို့အမြဲစိတ်ထူး ခဲ့တဲ့ သူတ ယောက်ပဲ။ ဖြစ်နေပါပေါ့လား ။ ဤအ တွေး စိတ်ကူးနှင့်လမ်း လျှောက် ခဲ့သည်မှာ၊ ဘုရား ကျောင်း ကြီး အနီး သို့ရောက်မှန်း မသိ ရောက်လာခဲ့ ပါသည်။ ဘုရား ကျောင်း ကိုအနီး ကပ်ဆုံး သေချာစွာကြည့်လိုက်ပါသည်။ ဘုရား ကျောင်း ကြီး ထိပ်ဆုံး ကလက်ဝါး ကား တိုင်ကြီးကငါ့ကိုကြည့်ပြီး စကား ပြောနေသလိုပဲ၊ ဟုတ်ကဲ့ တော့ဒီလက်ဝါး ကား တိုင်ကြီး ဟာငါတို့ရဲ့အပြစ်နွံထဲ ကကယ်နှုတ်ဘို့အရှင်ဘုရား အသေခံသွား တဲ့သနားမှုပဲ။ အခုနေများ ဘုရား ရှင်ကမင်း အတွက်ငါအသက်စွန့်နေပြီ၊ ငါ့အတွက်မင်း ဘာစွန့်သလဲလို့မေး လိုက်ရင်၊ အို-ငါဘာလို များ ဖြေပေး လိုက်ရမပါမလဲ၊ ဤသို့ဖြင့်ဘုရား ကျောင်း အနား မှဖြတ်ကျော်လာခဲ့ကာအတွေး ဝက်ဘာချယ်င်း အိမ်သို့ ပြန်ခဲ့၏။ ကျွန် တော်သည် တော့ဘော် တေဘက်၊ ကျောင်း ပြေး ဖော် ပြေး ဖက်၊ အရက် သောက် ဖော် သောက်ဖက်သူငယ်များ ၊ အုပ်စုဖွဲ့ပြီး ၊ ပျော် တတ်သူ၊ တ ယောက်ဖြစ်ပြီးသူငယ်ချင်း အပေါင်း အသင်း ကိုတွယ်တာ

တတ်သူဖြစ်သည်။ သူငယ်ချင်းများနှင့်သာသိုလ္လင်ဘာသာပဲလုပ်ရလုပ်ရ ပါဝင်လုပ်ဆောင်တတ်သူဖြစ်သည်။ ဒီကနေ့အိမ်သို့ပြန်ယင်း ကျွန်တော် အသက်တာကိုပြန်လည်ဆန်းစစ်လိုက်မိပါသည်။ လောက၏စည်းစိမ် ရွှေငွေ၊ ပျော်ရွှင်မှုတွေရဲ့နောက်ကိုလိုက်နေသော ငါ့အသက်တာဟာ ဘုရားရှင်အတွက်ဘာတခုမှမဆောင်ရွက်ရသေးပါလား။ ငါ ဆောင်ရွက်ရမဲ့တာဝန်တွေကိုမေ့နေခဲ့ပါလား။ ဤသို့ဖြင့်အတွေး သစ်အမြင်သစ်များတဖွားဖွားပေါ်ပေါက်ခဲ့ပါသည်။ ငယ်ငယ်က အတိတ်ဖြစ်ရပ်ကိုလည်းပြန်လည်သတိရမိပါသည်။ အဖွားရှိစဉ်ကအဖွား နှင့်အတူအိပ်၊ အတူစားခဲ့ပြီး၊ အဖွားကလည်း ကျွန်တော့ကိုသိပ်ချစ် သလို၊ ကျွန်တော်ကလည်း အဖွားကိုသိပ်ချစ်ပါသည်။ အဖွားမဆုံးခင် တနေ့ကကျွန်တော့ကိုမေးခွန်းတခုမေးခဲ့ပါသည်။ ငါ့မြေးကြီးရင် ဘာလုပ်မှာလဲ၊ ကျွန်တော်လည်း အဖွားရင်ခွင်ထဲတိုးဝင်ပြီး သား သားကြီးလာရင်ဘုရားကျောင်းကဘုန်းကြီးကြီးလိုလုပ်မယ်ဖွား ဖွား -ဟုပြောလိုက်ရင်း အဖွား၏မျက်နှာကိုကြည့်လိုက်ပါသည်။ အဖွါး မျက်နှာ၌မျက်ရည်ဥများရစ်ဝဲပြီးစီးကျလာပါသည်။ ဟင်-ဖွားဖွါး ငိုနေတယ်ဟုတ်လား၊ ဖွားဖွား ငိုတာမဟုတ်ပါဘူး မြေးရယ်- ဖွားဖွား ဝမ်းသာလွန်းလို့ကျတဲ့မျက်ရည်ပါကွယ်။ ဟင်-ဝမ်းသာ ရင်လည်းမျက်ရည်ကျတယ်-ဟုတ်လား -ဖွါးဖွါး။ ဟုတ်တယ်-မြေးရဲ့ ငါ့မြေးဖြစ်ချင်တဲ့ဘုရားကျောင်းကြီးကဘုန်းကြီးကြီးဖြစ်အောင် လိမ်လိမ်မာမာနဲ့ကြိုးစားပြီးဆောင်ရွက်ပါလို့ဖွားဖွားပြော ချင်တယ်မြေးရယ်။ ဟုတ်ကဲ့-ပါဖွားဖွားဟု ကျွန်တော်အဖြေပေး ခဲ့ပါသည်။ ကျွန်တော်အရွယ်ရောက်လာသောအချိန်၌ အဖွားမရှိ တော့ပေ။ အဖွားဖြစ်စေချင်သောဘုန်းကြီးဖြစ်ဘို့ နေနေသာသာ ဘုရားကျောင်းကိုပင်မတက်ခဲ့သည်မှာကြာပြီဖြစ်ပါသည်။ သို့သော် ယခုအိမ်အပြန်လမ်း၌ အဖတ်ဆည်လို့မရတော့သည့် ကျွန်တော့ဘဝကို ပြုပြင်ရန်ဆုံးဖြတ်လိုက်မိပါတော့သည်။ ယနေ့ကျွန်တော်အိမ်သို့ပြန် သောခြေလှမ်းများသည်လည်း ယခင်ကအိမ်ပြန်သောခြေလှမ်းများ နှင့်မတူတမူထူးခြားနေသည်ကတော့ အမှန်ပင်ဖြစ်ပါတော့သည်။

*တမာသွင်*